## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## (၁၂) ရက်မြောက်နေ့အစီအစဉ်

## ( ၂၂ – ၆ –၂၀၂၆ ) (တနင်္လာနေ့)  နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာအောင်ကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်၏ **နေပြည်တော်ကောင်စီနယ်မြေတွင် အများပြည်သူ ဈေးနှုန်းချိုသာစွာဖြင့် သွားလာနိုင်သည့် ဘတ်စ်လိုင်းကားများပြေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးရဲထွဋ်အောင်၊ မင်းလှမဲဆန္ဒနယ်၏ **တစ်နိုင်ငံလုံးရှိ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များအား အခွန်ငွေ သတ်မှတ်ပေးသွင်းစေပြီး ဥပဒေနှင့်အညီ တရားဝင်လိုင်စင်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးစောပဟသာကြီး၊ သံတောင်ကြီးမဲဆန္ဒနယ်၏ **လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင်ပြန်လည်ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ လုပ်ပေးနိုင်ပါက ဘယ်ချိန်ကာလတွင် စတင်ပြုလုပ်ပေးမည်နှင့် မလုပ်ပေးနိုင်ပါက အဘယ်ကြောင့် မလုပ်ပေးနိုင်ခြင်းကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးလှဆွေ၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်၏ **တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ မိုးရာသီတွင် ကမ်းပါးများရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် သစ်ဆိမ့်ပင်ကျေးရွာ (၈၅၀)ပေ၊ ဖောင်းတောကျေးရွာ (၁၅၀၀)ပေ၊ အနော်ရထာရပ်ကွက် တံတားအထက် (၁၀၀၀)ပေ- တံတားအောက် (၁၅၀၀)ပေ၊ လက်ပံကုန်းကျေးရွာ (၇၀၀)ပေ၊ ရှောက်ကုန်းကျေးရွာ (၉၀၀)ပေတို့အား ကမ်းထိန်းနံရံများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေတို၊ ရေရှည် အစီအမံများချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးဝင်းဆွေ၊ ခရမ်းမဲဆန္ဒနယ်၏ **ခရမ်းမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ (၁)ခု၊ ကျိုက်ချောင်တိုက်နယ်ဆေးရုံ၊ ကမာမတ်တိုက်နယ်ဆေးရုံနှင့် ပိန်းကန်တိုက်နယ်ဆေးရုံ (၃)ရုံရှိပြီး ဆရာဝန် (၁၁)ဦးနှင့် သူနာပြု (၂၀)ဦး လိုအပ်လျက်ရှိပါသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးစိုင်းဆန်စိန်၊ တန့်ယန်းမဲဆန္ဒနယ်၏ **တန့်ယန်းမြို့ ပြည်သူ့ဆေးရုံအား ၂၅ ခုတင်ဆံ့ဆေးရုံမှ ၅၀ ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးခင်မောင်ထွန်း၊ ဖောင်းပြင်မဲဆန္ဒနယ်၏ **ဖောင်းပြင်မြို့ ခုတင်(၅၀)ဆံ့ဆေးရုံတွင် မြို့နယ်ဆရာဝန်ကြီးတစ်ဦးသာရှိပြီး သွားဆရာဝန်နှင့်အတူ ဆေးပညာရှင်ဝန်ထမ်းများ လိုအပ်လျက်ရှိပါသဖြင့် တာဝန်ချခန့်ထားပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးထွန်းထွန်းနိုင်၊ စဉ့်ကိုင်မဲဆန္ဒနယ်၏ **စဉ့်ကိုင်မြို့နယ်၊ ရွှေလုံ့ဗိုလ်(ကံအောက်) ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု လိုအပ်လျက်ရှိပါသောကြောင့် တိုက်နယ်ဆေးရုံအဖြစ် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၇။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။